၂၀၂၄ ခုနှစ်၊ မတ်လ (၁၅)ရက်မှ (၂၁)ရက် အတွင်း လူ့အခွင့်အရေး ချိုးဖောက်မှု ကြုံတွေ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ



စဉ်	ပြည်နယ်နှင့် တိုင်းဒေသကြီး	ကျူးလွန်သည့် အကြိမ်ရေ	မှတ်ချက်
၁	စစ်ကိုင်း	၁၆	
၂	ချင်း	၃	
၃	မန္တလေး	၄	
၄	ပဲခူး	၂	
၅	မကွေး	၄	
၆	ရှမ်း	၇	
၇	ကချင်	၉	
၈	ရခိုင်	၆	
၉	မွန်	၁	
၁၀	တနင်္သာရီ	၂	
၁၁	ရန်ကုန်	၆	
၁၂	ကရင်	၄	
၁၃	ဧရာဝတီ	၆	
	စုစုပေါင်း	၇၀	

မတ်လ (၁၅)ရက်မှ (၂၁)ရက်အတွင်း စစ်အာဏာရှင်တပ်သားများက စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် လေကြောင်းအသုံးပြု ဗုံးကြဲ တိုက်ခိုက်ခြင်း များ ပြုလုပ် ခဲ့သည်။ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးအကျဉ်းထောင်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ထောင်၊ မကွေးတိုင်း ဒေသကြီး ဂန့်ဂေါ ရဲစခန်းနှင့် မကွေးထောင်တို့တွင် စစ်အာဏာရှင်လက်အောက်ခံ အကျဉ်းဦးစီးဌာနက နိုင်ငံရေး အကျဉ်းသား များကို အာဏာပြခြိမ်းခြောက်ခြင်း၊ ညှင်းပန်း နှိပ်စက်ခြင်းများ ပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံ၏ နေရာ ဒေသ အနှံ့တွင် စစ်အာဏာ ရှင်တပ်သားများ နှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများက စစ်မှုထမ်းရန် အတွက် သတ်မှတ် အသက်ပြည့် သူများကို အတင်းအဓမ္မ ဖိအားပေးခြင်း၊ ငွေကြေးတောင်းခံခြင်း၊ ဖမ်းဆီးခြင်းများ ပြုလုပ်ကာ စည်းရုံး သိမ်းသွင်း မှုများ ပြုလုပ်လျက်ရှိသည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with infogram

၂၀၂၄ ခုနှစ်၊ မတ်လ (၁၅)ရက်မှ (၂၁)ရက် အတွင်း စစ်အာဏာရှင်တပ်များမှ လူ့အခွင့်အရေးချိုးဖောက်မှုပုံစံများ



စဉ်	လူ့အခွင့်အရေး ချိုးဖောက်ခဲ့သည့် နည်းလမ်းများ	အကြိမ်ရေ
၁	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်သတ်ခြင်း	၁၅
၂	လေကြောင်း/သေနတ်/လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းကြောင့် ဒဏ်ရာရခြင်း	၁၀
၃	လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း	၈
၄	အသက်မပြည့်သေးသော ကလေးများ ထိခိုက်ခြင်း	၃
၅	ဗုံးကြဲတိုက်ခိုက်ခြင်း	၁၉
၆	ဖမ်းဆီးခံရခြင်း	၄
၇	ဖမ်းဆီးခေါ်ဆောင်သွားခံရပြီးနောက် သေဆုံးခြင်း	၂
၈	အာဏာပြ ခြိမ်းခြောက်ခြင်း/ အဓိကရုဏ်ဖြစ်ပွားစေခြင်း	၁၄
၉	အသက်မပြည့်သေးသော ကလေးများ သေဆုံးခြင်း	၄
၁၀	ပြည်သူပိုင်အဆောက်အဦး/ပစ္စည်းများမီးရှို့ဖျက်/ဖျက်ဆီးခြင်း	၇
၁၁	ပြည်သူပိုင် အဆောက်အဦး/ပစ္စည်းများ ဖျက်/ဖျက်ဆီးခြင်း	၇
၁၂	လေကြောင်းအသုံးပြုခြင်း	၁၈
၁၃	ငွေကြေးတောင်းခံခြင်း	၇
၁၄	ပြည်သူပိုင်ပစ္စည်းများသိမ်းယူခြင်း/ခိုးယူခြင်း	၁
၁၅	နေရပ်စွန့်ခွာရခြင်း	၃
၁၆	လူ့သဘောတိုင်း ပြုလုပ်ခြင်း/ဓားစာခံအဖြစ် ဖမ်းဆီးခြင်း	၃
၁၇	ပြည်သူများကို မီးရှို့သတ်ခြင်း	၂
၁၈	ဖမ်းဆီး ညှင်းပန်းနှိပ်စက်ခြင်း	၃

စစ်အာဏာရှင်တပ်သားများ၏ လက်နက်ကြီး၊ လက်နက်ငယ်တို့ဖြင့် ပစ်ခတ်မှုကြောင့် တပတ်အတွင်း ပြည်သူ (၆၀)ကျော် သေဆုံးခဲ့ပြီး (၆၀)ကျော် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ စစ်အာဏာရှင်တပ်သားများ၏ လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် အသက်မပြည့်သူ (၃)ဦး သေဆုံးခဲ့ရပြီး (၆)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ စစ်အာဏာရှင်တပ် က ရိုဟင်ဂျာများကို ရခိုင့်တပ်တော် (Arakan Army – AA) အား ဆန့်ကျင်ကြောင်း ဆန္ဒထုတ်ဖော်ရန် ဖိအားပေး စေခိုင်း မှုများ ပြုလုပ်ခဲ့သည်။

Spring Archive မှ သတင်းမီဒီယာများကို အခြေခံ၍ ပြုစုထားသည်

Share

made with infogram